**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

K.N.D.F

# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ။၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့။

ဒီးမော့ဆိုမြို့နယ်၊ ထူလွီးဘီလာကျေးရွာအနီး သဲတောင်တွင် ဖရူဆိုဘက်မှ စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော်(KA) နှင့် (KNDF) တို့မှ တိုက်ခိုက်ခဲ့ပါသည်။ ယနေ့ မနက်ပိုင်း (၁၀း၃၀)နာရီမှ စ၍ ညနေ (၁၉း၀၀) နာရီ အထိ တိုက်ပွဲပြင်းထန်ခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ(၁၄) သေဆုံးကာ (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ပါသည်။ ထိုတိုက်ပွဲအတွင်းမိမိတို့ဘက်မှ ထိခိုက်မှုမရှိပါ။

ဒီးမော့ဆိုမြို့၊ ငွေတောင်ဆည်အနီး၊ ရွှေရောက်ရပ်ကွက်တွင် ဒီဇင်ဘာလ (၃၁) ရက်မှ ယနေ့ ဇန်နဝါရီ (၃) ရက်နေ့ အထိအကြမ်းဖက်စစ်ကောင်စီတပ်များကို PDF ပူးပေါင်းမဟာမိတ် တပ်ဖွဲ့နှင့်အတူ KNDF မှဆက်လက်ခုခံ တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲပြင်းထန်ခဲ့သည်။ အကြမ်းဖက် စစ်ကောင်စီတပ်များဘက်မှ အထိခိုက်မှုများရှိနိုင်ပါသည်။ ဇန်နဝါရီလ( ၂)နေ့၊ ရွှေရောက်တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဘက်မှ (၃) ဦးကျဆုံးခဲ့ပါသည်။

ဇန်နဝါရီ (၂) ရက်နေ့ တိုက်ပွဲတွင် မိမိတို့ဘက်တွင်လည်း ကရင်နီတပ်မတော်မှ ရဲဘော်တစ်ဦးနှင့် PDF ပူးပေါင်းမဟာမိတ်တပ်ဖွဲ့မှ ရဲဘော်တစ်ဦးကျဆုံးခဲ့ပါသည်။ တိုက်ပွဲတွင် ကျဆုံးခဲ့ရသော ကရင်နီတပ်မတော်နှင့် PDF မှ ရဲဘော်နှစ်ဦးကို အာဇာနည် သူရဲကောင်းများအဖြစ် သမိုင်းမှတ်တမ်းတင် အလေးပြုပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။